ကျွန်တော်အကြိုက်ဆုံး (၂)ပုဒ်ရှိတယ်။ ပထမတစ်ပုဒ်က "ဆက်လက်၍ ဖြစ်ပျက်နေသောကိစ္စ" ဒုတိယတစ်ပုဒ်က "နေသားတကျ ကိစ္စ"။ ဒီနှစ်ပုဒ်အကြိုက်ဆုံးပါပဲ။ (မှတ်ချက်။ ။ကျွန်တော်ဟာ Minimalism ကိုလည်း အလွန်နှစ်သက်ခွဲလန်းသူတစ်ဦးဖြစ်နေပါသေးတယ်။) တခြားအပုဒ်တွေကိုရောလို့မေးရင်၊ အသစ်ဖြစ်ဖို့ကြိုးပမ်းမှုအတွက် ကြိုက်ပါတယ်လို့ပဲဖြေပါရစေ။ ဒီလိုအပတ်တကုတ် ကြိုးပမ်းမှုကို (တကယ် အပတ်တကုတ်ကြိုးပမ်းထားတာကို ကျွန်တော်ယုံတယ်) အမှာစာကလေး တစ်ထွာတစ်ညိုနဲ့ ဒိုးကျူးသလိုပြောတာ ပေါ့မနေဘူးလားလို့မေးစရာရှိပါတယ်။ ကျွန်တော်အလေးအနက်ပြောခဲ့တာပါ။ ဒီအမှာစာနဲ့လုံလောက်မယ်တော့မဟုတ်ပါဘူး။ သို့သော်လည်း အလေးအနက်ပြောခဲ့တာပါ။

ဇော်ဇော်အောင်

"ဦးလူဝလေး"ရဲ့ "ဆက်လက်ဖြစ်ပျက်နေတဲ့ကိစ္စ" ဆိုတဲ့ ပြဇာတ်စာပေ အရေးအသားတွေမှာ အားနည်းချက် ရှိနေပါတယ်။ အဲဒါကဘာလဲဆိုတော့ "နည်းပညာအသစ်ဖြစ်လို့ အားကောင်းနေခြင်း" ဆိုတဲ့ အချက်ဖြစ်ပါတယ်။ "နည်းပညာ" အားကောင်းနေခြင်းဟာ ကျွန်တော်တို့လို နည်းပညာအားနည်းတဲ့နိုင်ငံမှာ "နားမလည်နိုင်တဲ့ အားနည်းချက် ဖြစ်လာပါတယ်။

မောင်မောင်ဇေယျ

ဦးလူဝလေးရဲ့စာမှာ Theatre of Absurd ဆိုလည်းဟုတ်၊ ပို့စ်မော်ဒန်လက်ရာဆိုလည်းဟုတ်ရယ်လို့ ဖြစ်နေရတဲ့အကြောင်းတရားထက်အရေးကြီးတာမရှိဘူး။ တနည်းအားဖြင့် လက်ရာအရေးအသားတွေကနေ တောင်းဆိုနေတာတွေက တစ်ခုခုဖြစ်နေပါတယ်ဆိုတာထက် အမြဲဖြစ်ပျက်ပြောင်းလဲနေခြင်းသာဖြစ်တယ်ဆိုတာကို လက်လွှတ်ပြီး ပြောဖို့မဖြစ်နိုင်ဘူး။

မင်းခက်ရဲ